မည်သူမဆို မိမိ၏(မွတ်စ်လင်မ်)ညီ‌နောင်နှင့်

တွေ့ဆုံသည့်အခါ ၎င်းအား စလာမ်ဆိုပါ။ ထို့နောက်

၎င်းတို့နှစ်ဦးကြားတွင် သစ်ပင်၊ နံရံ သို့မဟုတ်

ကျောက်တုံးစသည့် အရာတစ်ခုခု

ပိတ်ဆို့ခြားသွားခဲ့ပြီးနောက် ပြန်လည်တွေ့ဆုံကြပါကထိုအခါ ၎င်းအား ထပ်မံ၍ စလာမ်ဆိုပါ။

အဗူဟူရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ မည်သူမဆို
မိမိ၏(မွတ်စ်လင်မ်)ညီ‌နောင်နှင့် တွေ့ဆုံသည့်အခါ ၎င်းအား စလာမ်ဆိုပါ။ ထို့နောက်
၎င်းတို့နှစ်ဦးကြားတွင် သစ်ပင်၊ နံရံ သို့မဟုတ် ကျောက်တုံးစသည့် အရာတစ်ခုခု
ပိတ်ဆို့ခြားသွားခဲ့ပြီးနောက် ပြန်လည်တွေ့ဆုံကြပါက ထိုအခါ ၎င်းအား ထပ်မံ၍
စလာမ်ဆိုပါ။
[صحيح] [رواه أبو داود]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်မွတ်စ်လင်မ်တစ်ဦးသည်မိမိ၏ညီနောင် (မွတ်စ်လင်မ်တစ်ဦးနှင့် တွေ့ဆုံသည့်အခါတိုင်း စလာမ်ဆိုရန်နှိုးဆော်တိုက်တွန်းထားသည်။ နှစ်ဦးသား အတူတကွ လမ်းလျှောက်နေစဉ်၎င်းတို့နှစ်ဦးကြားတွင် ခြားနားစေသော သစ်ပင်၊ နံရံ၊ ကျောက်တုံးကဲ့သို့သောအရာဝတ္ထုတစ်ခုခု ပေါ်လာပြီး (ယင်းကြောင့် ခေတ္တကွဲကွာသွားပြီးနောက်) ပြန်လည်တွေ့ဆုံကြပါက ထိုအခါ ထပ်မံ၍ စလာမ်ဆိုရမည်။

https://sunnah.global/hadeeth/my/show/3552